# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 28 , 2023 | Volume 68, Number 19


၂၈.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တဲဟုန်ပြည်နယ်ခဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တဲဟုန်ပြည်နယ် ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး Mr. Wei Gang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၊ နံနက် (၀၉:၃၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များ၊ ပို့ကုန်အမယ်သစ်များ တိုးမြှင့်တင်ပို့ရာတွင် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ ခွင့်ပြုချက်ရရှိရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ (၁၆) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များ၊ (၂၀) ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်သစ် နူဆန်တာရာ Nusantara တွင် မြန်မာနိုင်ငံမှ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်




အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ် နူဆန်တာရာ Nusantara တွင် မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ၂၀၂၄ ခုနှစ်တွင် ၎င်းတို့၏ လက်ရှိမြို့တော် ဂျာကာတာမှ မြို့တော်အသစ်ဖြစ်သော အရှေ့ကာလီမန်တန်ရှိ နူဆန်တာရာ Nusantara မြို့တော်သို့ တရားဝင်ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည်။

အဆိုပါမြို့တော်သစ်နူဆန်တာရာ Nusantara တွင် မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လျက်ရှိသည်။

သို့ဖြစ်ရာ နူဆန်တာရာ Nusantara ရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံသူစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆိုပါစီမံကိန်းတာဝန်ရှိသူ၏ ဖုန်းအမှတ် +၆၂-၂၁-၂၇၀၉၉၁၀၀၊ အီးမေးလ်လိပ်စာ Investasi@ikn.go.id နှင့် secretariat@ikn.go.id တို့သို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၂၈၈ ဒသမ ၀၅၇ သန်းရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၀ ဒသမ ၃၁ ရာခိုင်နှုန်းရှိသည်။

မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံက နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ ဒေါ်လာ၂၄၁ ဒသမ ၄၉၇ သန်း၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၃ ဒသမ ၁၉၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ၉ ဒသမ ၀၁၄ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၉ ဒသမ ၈၅၉ သန်း၊ ၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ (Mini Budjet)ကာလအတွင်း ဒေါ်လာ ၀ ဒသမ ၉၅၀ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၈ ဒသမ ၅၂၇ သန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Minibudget ကာလအတွင်း ဒေါ်လာ ၅ ဒသမ ၁ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/251365

## အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့မှုသည် ယခုနှစ် ပထမ ၃ လပတ်ကာလအတွင်း ၅၆ ရာခိုင်နှုန်းထိ မြင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး အဓိကတင်ပို့သည့် ကုန်စည်များစာရင်းတွင် အဆင့် ၄ နေရာသို့ ရောက်ရှိလာ

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုသည် ဧပြီလမှ ဇွန်လအထိ ပထမ ၃ လပတ် ကာလအတွင်းတွင် အဆင့် ၂ ဆင့် တိုးတက်လာပြီး အများဆုံးတင်ပို့သည့် ကုန်ပစ္စည်းအမျိုးအစား ၃၀ စာရင်းတွင် အဆင့် ၄ နေရာသို့ရောက်ရှိလာပါကြောင်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာသည့် ပို့ကုန်အုပ်စုဖြစ်ပါကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များအရ အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုသည် ယခုနှစ် ပထမ ၃ လပတ်တွင် အိန္ဒိယရူပီး ၅၇,၂၂၀.၂၄ Crore (572,၂၀၂ သန်း) ခန့်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူတွင် တင်ပို့နိုင်ခဲ့သည့်တန်ဖိုး ရူပီး ၃၆,၅၃၃.၁၈ Crore (၃၆၅, ၃၃၂ သန်း)နှင့်နှိုင်းယှဉ်လျှင် ၅၆ ရာခိုင်နှုန်းထိ တိုးမြင့်တင်ပို့နိုင်ခဲ့သည်ဟု သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်များအရ ကျောက်မျက်ရတနာတင်ပို့မှုပမာဏနှင့် အီလက်ထရွန်နစ်ပစ္စည်းတင်ပို့မှုအကြား ကွာခြားမှုအနည်းငယ်သာရှိသဖြင့် နောက်လာမည့် ၃ လပတ်တွင် အိန္ဒိယ၏ အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုသည် အဓိက တင်ပို့သည့်ကုန်ပစ္စည်းနေရာ၌ အဆင့် ၃ နေရာသို့ ရောက်ရှိလာနိုင်ပါကြောင်းနှင့် အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုသည်

အဓိကပို့ကုန်များတွင် ယခင်က အဆင့် ၆ နေရာတွင်ရှိရာမှ ၂၀၂၄ ဘဏ္ဍာနှစ် ပထမ ၃ လပတ်တွင် ဓါတုပစ္စည်းနှင့် ဆေးနှင့်ဆေးဝါးပစ္စည်းတင်ပို့မှု ပမာဏကိုကျော်တက်ပြီး အဆင့် ၄ နေရာသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိအခြေအနေအရ ကျောက်မျက်ရတနာတင်ပို့မှုမှာ နောက်လာမည့် ၃ လပတ်များတွင် သိသိသာသာ တိုးတက်လာခြင်းမရှိပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုသည် ရေနံထွက်ကုန်ပစ္စည်းတင်ပို့မှုနှင့် အင်ဂျင်နီယာထုတ်ကုန်ပစ္စည်းတင်ပို့မှုများနောက်တွင် နိုင်ငံ၏တတိယအများဆုံးတင်ပို့နိုင်သည့် အဓိကပို့ကုန်အုပ်စုဖြစ်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ သိရှိရပါသည်။

အီလက်ထရွန်နစ်ကုန်ပစ္စည်းများ တင်ပို့မှုကြီးထွားလာရခြင်းမှာ ၂၀၂၀ ခုနှစ်တွင် အစိုးရ၏ထုတ်လုပ်မှုနှင့် ချိတ်ဆက်မက်လုံးပေးမှုအစီအမံ (Production–Linked Incentive–PLI scheme) ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၁၅ လကာလအတွင်း အီလက်ထရွန်နစ်ပစ္စည်း တင်ပို့မှုကြီးထွားလာခြင်းတွင် မိုဘိုင်းဖုန်းသည် အများဆုံးတင်ပို့သည့် ပစ္စည်းဖြစ်ပါကြောင်း၊ လက်ရှိဘဏ္ဍာနှစ်၏ ပထမ ၃ လပတ်တွင် မိုဘိုင်းဖုန်းတင်ပို့မှုမှာ အီလက်ထရွန်နစ်ပစ္စည်းတင်ပို့မှုအားလုံး၏ ၅၂ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအားဖြင့် အိန္ဒိယရူပီး ၃၀,၀၀၀ Crore(300,000 သန်း) ရှိပါကြောင်းနှင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူတွင် မိုဘိုင်းဖုန်းတင်ပို့မှုမှာ အီလက်ထရွန်နစ်ကုန်ပစ္စည်းတင်ပို့မှုစုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းသာရှိကြောင်း သိရှိရပါသည်။

မိုဘိုင်းဖုန်းတင်ပို့မှုတွင် ပန်းသီးတံဆိပ်အိုင်ဖုန်းတင်ပို့မှုမှာ အများဆုံးဖြစ်ပြီး အီလက်ထရွန်နစ် ကုန်ပစ္စည်းစုစုပေါင်းတင်ပို့မှု၏ ၃၅ ရာခိုင်နှုန်းနှင့် မိုဘိုင်းဖုန်းတင်ပို့မှုစုစုပေါင်း၏ ၆၆ ရာခိုင်နှုန်းပါဝင်ပါကြောင်း၊ လက်ရှိတွင် ပန်းသီးတံဆိပ်၊ အိုင်ဖုန်းအမျိုးအစား(Apples iPhone) ၁၂၊ ၁၃၊ ၁၄ များကို အိန္ဒိယနိုင်ငံမှတင်ပို့လျက်ရှိပြီး ယင်းထုတ်ကုန်များကို မိုဘိုင်းဖုန်းများအတွက် PLI အစီအမံအောက်တွင် ကိုယ်စားလှယ်ကုမ္ပဏီ ၃ ခုဖြစ်သည့် Foxconn Hon Hai , Wistron နှင့် Pegatron ကုမ္ပဏီများမှ ထုတ်လုပ်တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိဘဏ္ဍာနှစ် ပထမ ၃ လပတ်တွင် အိန္ဒိယနိုင်ငံမှ ပန်းသီးတံဆိပ်အိုင်ဖုန်းတင်ပို့မှုမှာ အိန္ဒိယရူပီး ၂၀,၀၀၀ Crore (၂၀၀,၀၀၀ သန်း)ကျော်ရှိပြီး ပျမ်းမျှအားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တင်ပို့မှု၏ ထက်ဝက်ကျော်ပမာဏကို ကျော်လွန်တင်ပို့ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ရယူထားသည့် ကုမ္ပဏီကြီး ၃ ခုသည် PLI Scheme အောက်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အိန္ဒိယရူပီး ၆၁,၀၀၀ Crore (၆၁၀,၀၀၀ သန်း) တန်ဖိုးတင်ပို့နိုင်ရန် ကတိပြုကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် အီလက်ထရွန်နစ်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်အနည်းငယ်က များစွာသောအစီအမံများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ မေလတွင် အစိုးရက မိုဘိုင်းဖုန်းကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှု အစီအစဉ်တစ်ရပ်ကို ကြေညာခဲ့ပါကြောင်း၊ ထို့နောက်တွင် မိုဘိုင်းဖုန်းနှင့် နည်းပညာဆိုင်ရာ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက်PLI Scheme ကို ထပ်မံကြေညာဆောင်ရွက်ခဲ့သကဲ့သို့ အီလက်ထရွန်နစ်အစိတ်အပိုင်းများ ထုတ်လုပ်မှုကို အထောက်အကူပြုသည့် အစီအမံများလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ်ကုန်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရာတွင် အစိုးရက မူဝါဒ၊ အစီအမံများချမှတ်၍ ကုန်ထုတ်လုပ်သူများအတွက် လုပ်ထုံးလုပ်နည်းများ လွယ်ကူချောမွေ့စေရေးနှင့် မက်လုံးပေးဆွဲဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရပါသည်။ ထို့အပြင် အဆိုပါအစီအမံများကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပူးပေါင်း၍ တစ်စိုက်မတ်မတ်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြသည်ကိုလည်း တွေ့မြင်ရပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်လည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် မိမိနိုင်ငံနှင့်လိုက်လျောညီထွေရှိသော အလားအလာကောင်းမွန်သည့် နယ်ပယ် ထုတ်ကုန်ပစ္စည်းများကိုရွေးချယ်၍ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပြီး မူဝါဒအစီအမံများချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

**Source: Electronics exports grew 56 % in Q1, at 4th in pecking order, The Economic Times, 23 July, 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP%20(Yangon)%2027072023%2011:09

## ကော်ဖီကို ဇုန် ၃ ခုခွဲပြီး တိုးချဲ့စိုက်မည်




မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ကေပေါင်း ၄၉,၀၀၀ ကျော်သာ ရှိသေးတဲ့အတွက် ဇုန် ၃ ခုခွဲပြီး ကေသုံးသိန်း တိုးချဲ့စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင် နေတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနကနေ သိရပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ရှမ်းပြည်နယ်က ကော်ဖီစိုက်ကေ ၂၇,၀၀၀ နဲ့ အများဆုံးစိုက်ပျိုးနေပြီး ကရင်ပြည်နယ်က ကော်ဖီစိုက်ကေ ၁၀,၀၂၉ ကေနဲ့ ဒုတိယအများဆုံးစိုက်ပျိုးကာ မန္တလေးတိုင်းဒေသကြီးက ကော်ဖီစိုက်ကေ ၅၀၀၀ ကျော်နဲ့ တတိယအများဆုံး စိုက်ပျိုးတယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ပျိုးနိုင်တဲ့ကေရဲ့ ၆၀ ရာခိုင်နှုန်းလောက် စိုက်ပျိုးနေတယ်လို့ သိရပါတယ်။ ဒါ့အပြင် ကော်ဖီ စိုက်ပျိုးလိုသူ တောင်သူတွေအနေနဲ့ မိမိတို့စိုက်ပျိုးမယ့် မြေအမျိုးအစား အလိုက် ဥပဒေနဲ့အညီ လျှောက်ထားနိုင်တယ်လို့လည်း သိရပါတယ်။

**Source: One News Myanmar**

https://t.me/htwettoe

## ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်း (၄၀၀) နီးပါး ရရှိထား



၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ (၁၄) ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း (၄၀၀) နီးပါးရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ယင်းကဲ့သို့ ပြည်ပပဲမျိုးစုံတင်ပို့မှုမှ မတ်ပဲတင်ပို့မှုသည် တန်ချိန် တစ်သိန်းခြောက်သောင်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှုသည် တန်ချိန် တစ်သိန်း ခုနှစ်သောင်းကျော်ဖြင့် အများဆုံး တင်ပို့ထားခြင်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းအချက်အလက်များအရ သိရသည်။

ပြည်ပတင်ပို့မှု လမ်းကြောင်းများအနေဖြင့် ပင်လယ်ရေကြောင်းမှ လေးသိန်းနှစ်သောင်းကျော်နှင့် နယ်စပ်ကုန် သွယ်ရေး လမ်းကြောင်းမှ ခုနစ်သောင်း တစ်ထောင်ကျော် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၉ ဒ သမ ၈၂၀ သန်း ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံတင်ပို့မှုသည်လည်း အဓိကပို့ကုန်တစ်မယ်ဖြစ်ပြီး အဓိက သီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို စိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

https://www.popularmyanmar.com/?p=122707

## မြန်မာဈေးကွက် ဝယ်လိုအားများလာခြင်းကြောင့် Asia flower Mall ဝက်ဘ်ဆိုဒ် ကို တရုတ်ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်

မြန်မာနိုင်ငံဈေးကွက်၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် တရုတ်ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံ၌ Asia flower Mall ဝက်ဘ်ဆိုဒ် တစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ယင်းဝက်ဘ်ဆိုဒ်မှတဆင့် ကူမင်းမြို့ရှိ Dounan ပန်းဈေးမှ တိုက်ရိုက် တင်သွင်းသည့် တရုတ်ပန်းများကို မြန်မာနိုင်ငံမှ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

"ကျွန်မတို့အနေနဲ့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှာ Dounan ပန်းဈေးက ပန်းတွေကို စတင်ရောင်းချခဲ့ပါတယ်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွေမှာ ရောင်းချရတဲ့နှုန်းက မြင့်တက်လာခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ပန်းတွေကို ဝဘ်ဆိုဒ်ကနေမရောင်းချခင်မှာ လူမှုကွန်ရက်ကနေတစ်ဆင့်ရောင်းချခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှစတင်ပြီး အိမ်တွင်းနဲ့အိမ်ပြင် အလှစိုက်အပင် အမျိုးအစား ၃၀၀ ကျော်ကို တရုတ်နိုင်ငံကနေ တရားဝင်တင်သွင်းခဲ့ပါတယ်။ ဝယ်လိုအားတွေ မြင့်တက်လာတဲ့အတွက် ဒီဝက်ဘ်ဆိုဒ်ကို တည်ထောင်ဖြစ်တာပါ" ဟု Asia Flower Mall Myanmar ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်ဖွေးဖွေးသန့်က ဆင်ဟွာသို့ ပြောသည်။

Asia Flower Mall ဝက်ဘ်ဆိုဒ်ကို ဇူလိုင် ၂၃ ရက်က ရန်ကုန်မြို့၌ ပြုလုပ်သည့် ဆေးနှင့် ပန်းထုတ်ကုန်ပစ္စည်း မိတ်ဆက်ပွဲ အခမ်းအနားတွင် စတင်လွှင့်တင်ခဲ့သည်။ ပန်းမျိုးစုံအပြင် ပန်းနှင့်ဆက်စပ်သည့် ပစ္စည်းများကို ယင်းဝက်ဘ်ဆိုဒ်မှတဆင့် မှာယူနိုင်ကြောင်း သိရသည်။ အဆိုပါ မှာယူထားသည့် ပန်းများကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းမှတဆင့် သယ်ယူ သော်လည်း ဖြတ်ပန်းများကိုမူ လေကြောင်းဖြင့်သာ တင်ပို့ကြောင်း ဒေါ်ဖြူဖြူသန့်၏ ပြောကြားချက်အရ သိရသည်။ သစ်ပင်စိုက်မည့်နေရာများအား ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား ကရိန်းဖြင့်သယ်ယူခြင်းနှင့် ဝယ်သူများ၏ အိမ်တံခါး ရှေ့အရောက် ပို့ဆောင်ပေးသောဝန်ဆောင်မှုများပါ ပေးအပ်ထားကြောင်း ဟု ၎င်းကဆိုသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများမှလွဲ၍ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ် အများစုတွင် ပန်းများကို ဝက်ဘ်ဆိုဒ်မှ တစ်ဆင့် မှာယူနိုင်ကြောင်း မိတ်ဆက်ပွဲတွင် ၎င်းကရှင်းလင်းပြောကြားခဲ့သည်။

ဝက်ဘ်ဆိုဒ်ကို လွှင့်တင်ခြင်းနှင့်အတူ Asia Aurora Co., Ltd ၏ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များကို မြန်မာနိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် မိတ်ဆက်ခဲ့သည်။

အာရှ၏ အကြီးဆုံး လတ်ဆတ်သည့် ပန်းရောင်းဝယ်ရေးဈေးကွက်ဖြစ်သည့် Dounan Flower Market သည် နှစ်စဉ် ကုန်သွယ်မှုပမာဏ ၁၁ ဘီလီယံရှိပြီး တရုတ်နိုင်ငံ ပန်းဈေးကွက်များ၏ စွမ်းဆောင်ရည်ကို ယုံကြည်စိတ်ချရသော လက္ခဏာတစ်ခုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Source: https://xinhuamyanmar.com/news/sino-myanmar/nm-23070240010/

## STOCK EXCHANGE (28.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,266 (Shares) | 61,402,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 624 | 5,241,600 | 33,109,694 | 278,121 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,800 | 2,900 | 2,800 | 2,988 | 8,615,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 23 | 171,200 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 3,672 | 5,616,000 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1 | 2,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,400 | 2,450 | 2,400 | 900 | 2,195,000 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 237 | 1,137,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,750 | 12,821 | 22,922,800 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 28th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.42 | +1.66 | +0.46% | 363.36 | 365.97 | 361.41 | 21,266 | 45,902,300 | 8 | 689,243 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Jul. 2022

| Trading Volume | Trading Value |
|---|---|
| 31,266 (Shares) | 61,402,300 (MMK) |

## Main Board

As of 1:00 pm, 28th Jul. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 31,266 (Shares) | 61,402,300 (MMK) |

| MYANPIX | 365.42 ▲ 1.66 |
|---|---|
| Total Volume (shares) | 21,266 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,243 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 1,800 | ▲ 50 |